
Misfortune
By Manie Khin
Season - I
@MohMoh

# Misfortune (Part 1)
# ကောင်းကင်ဘုံ၏ ဥယျာဉ်တော်

ကောင်းကင်ဘုံ၏ ရှစ်ခုသော ဝင်ပေါက်မုခ်ဦးများ တွင် အရောင်စုံ လင်သော ပန်းအမျိုးပေါင်း သောင်းချီကာ တန်ဆာ ဆင်ထားမှုကြောင့် လှပတင့်တယ်လွန်းနေသည် ။ မွှေးပျံ့သော ပန်းတို့ ၏ ရနံ့ကလည်း တစ်လောကလုံးကို ပြုစားနေဟန် ချိုမြမွှေးကြိုင်နေသည် ။

ကောင်းကင်ဘုံ ပထမတံခါး အဝင်တစ်ဖက်တွင် ကြည်လင်နေသော ရေကန်ကြီး တစ်ခုရှိပြီး ကြာမျိုးပေါင်းစုံ နွယ်ယှက် ပေါက်ရောက်ကာ သူ့ထက်ငါ အလှပြိုင်နေကြသည် ။ ထိုရေကန်ကြီး အနီး၌ မက်မွန်ပန်း များ ဝေဝေဆာဆာ ပွင့်ဖူးနေသည့် မက်မွန်ဥယျာဉ်ကြီးကလည်း ကောင်းကင်ဘုံကို အလှဆင်နေပြန်သည် ။

ထိုလှပတင့်တယ်သော နေရာသည် အခြားမဟုတ်။ ကောင်းကင်ဘုံ ပထမဝင်ပေါက်ရှိ ဆောင်းရာသီ ဥယျာဉ် တစ်ခု ဖြစ်ပေတော့သည် ။ သာမန်အချိန်များ ထက် ပိုမိုထူးကဲ၍ လှပသော ပန်းအရောင်စုံများ ပွင့် လန်းနေရခြင်း အကြောင်းတရားက ရှိနေသည် ။

ထိုအကြောင်းတရားကား ကောင်းကင်ဘုံ နတ်မင်းကြီး၏ သား တော် ကြယ်တာရာနတ်သား အနှစ် နှစ်သောင်းပြည့် မွေးနေ့ ဖြစ်သော ကြောင့် တည်း။

ထိုပွဲတော်ကို ပြင်ဆင်ရန် တာဝန်ယူရသူက နတ်သားလေး ကျင်းဟုန်ဖြစ်လေသည် ။ သူ၏ နတ်သက်(၄၀၀)အတွင်း ပထမဆုံးသော ဆောင်ရွက်ရသည့် တာဝန်တစ်ခု ဖြစ်သောကြောင့် တက်ကြွစွာ၊ စိစစ်စွာ လုပ်ကိုင်နေလေသည် ။

"သချာ ဂရုစိုက်ကြပါ ... မကြာခင် ... ကောင်းကင်ဘုံ နတ်မင်းကြီး ကြွချီလာတော့မှာ မို့လို့ ... ဘာအမှားအယွင်းမှ မဖြစ်ပါစေနဲ့ ..."

"ကောင်းပါပြီရှင့် ... "

မကြာမီ ...

ကောင်းကင်ဘုံ နတ်မင်းကြီးတို့ ရောက်လာသည် နှင့် ပျော်ပွဲ ရွှင်ပွဲများ စတင် ကျင်းပခဲ့ကြလေတော့သည် ။ သာယာငြိမ့်ညောင်းသော ဗျပ်စောင်းသံမှ တေးသံများ နှင့် ကချေသည် နတ်သမီးတို့ က လေယူရာ ယိမ်းနေသည့် ပန်းပွင့်လေးများကဲ့သို့ ယိမ်းနွဲ့ကခုန်ရင်း လှချင်တိုင်း လှနေကြလေသည် ။

နတ်သမီးငယ်တို့ ၏ အဆင်တန်ဆာ ခြူလုံးငယ်လေးများကလည်း လှုပ်ရှားကခုန်လိုက်သည့် အခါတိုင်း တချွင်ချွင်နှင့် စည်းဝါးကိုက်၍ နာပျော်ဖွယ် ကောင်းနေပြန်သည် ။

"ကျင်းဟု န် ..."

ကောင်းကင်ဘုံ နတ်မင်းကြီး၏ ခေါ်သံကြောင့် သူ့နေရာမှ ထလာခဲ့ပြီး နတ်မင်းကြီးရှေ့ သွားလိုက်ကာ အရိုအသေပြု ပြီးနောက်-

"ကျွန်တော်မျိုး ကျင်းဟု န် ... ကောင်းကင်ဘုံမင်းကြီးကို ဂါရဝပြုပါတယ် ... အရှင် ..."

"ကျင်းဟု န်သင်က တော်တော် အလုပ်ကြိုးစားတာပဲ ပွဲတော်

အတွင်းမှာ လိုလေသေး မရှိရလေအောင် ကိုယ်တိုင်စီမံတာပဲ မဆိုးဘူး ... မဆိုးဘူး ... ကိုယ်တော် နှစ်သက်တော်မူတယ် ပန်းတွေရဲ့ စွမ်းဆောင်မှုက ကိုယ်တော့် ညစ်ညူးနေတဲ့ စိတ်တွေကိုတောင် လန်းဆန်းအေးချမ်းသွားစေတယ် ... ဒါကြောင့် သင်လိုရာ ဆုတောင်းပါ ..."

"မခံယူဝံ့ပါ ... ကျွန်တော်မျိုးရဲ့ တာဝန်ပါအရှင် ..."

"ကိုယ်တော် မောင်မင်းအတွက် လူ့ပြည်မှာ နတ်နန်းဆောက်ပေးဖို့ စေခိုင်းလိုက်မယ် ... ဒီနေ့ကစ တာဝန်ကျေသူတွေရဲ့ ပူဇော်ခံထိုက်သူ အဖြစ် ငါကောင်းကင်ဘုံ နတ်မင်းကြီးက သတ်မှတ်ပေးလိုက်ပြီ ... ပြည့်စေ ... "

"ကျေးဇူးကြီးလှပါတယ် အရှင် ... "

သူ့ပထမဆုံး တာဝန်ယူခဲ့ရသည့် ကြယ်တာရာနတ်သား၏ မွေးနေ့ပွဲတော်ကား အောင်မြင်စွာ ပြီးသွားလေတော့သည် ။ သူ့ကြိုးစားမှုအတွက် ပထမဆုံးရလဒ်က တာဝန်ကျေသူတွေ၏ ပူဇော်ခံထိုက်သူ ပန်းနတ်သား အဖြစ် အသိအမှတ်ပြု ခံခဲ့ရပြီး လူ့ပြည်မှာ နတ်နန်းဆောင် ထားပိုင်ခွင့် ရရှိခဲ့လေတော့၏။

ထိုမွေးနေ့ပွဲပြီး (၄)ရက်မြောက်သောနေ့ ...

"ကျင်းဟု န်နတ်သားရှင့် ... ကောင်းကင်ဘုံ နတ်မင်းကြီး ... အခေါ်လွှတ်လိုက်ပါတယ် ... ချက်ချင်း နတ်ညီလာခံကို တက်ရောက်ပါတဲ့ ... ရှင့် ..."

"အခုလာခဲ့ပါမယ် ..."

အခြွေအရံ ပြန်သွားတော့ သူစဉ်းစားမိသည် ။

ကောင်းကင်ဘုံ နတ်မင်းကြီးက ...

ဘာလို့ ငါ့ကို ခေါ်တာပါလိမ့် အမှားတစ်ခုခုများ လုပ်မိလို့ လား ...

မဟုတ်လောက်ပါဘူး ... ငါဘာမှ မလုပ်ထားပါဘူး ...

ဟူး ...

ညီလာခံသဘင် တတ်ရောက်ဖို့ ဆိုတာ ... သူတို့လို နတ်သားငယ်များ အတွက် မလိုအပ်ပါ။ ကောင်းကင်ဘုံနတ်မင်းက ညီလာခံသဘင်လုပ်တိုင်း ... အရေးကြီးသော နတ်မင်းကြီးများ နှင့် သာ ပြုလုပ်လေ့ရှိပြီး ယနေ့မှ သူ့အားအခေါ်လွှတ် သည့် အတွက် စိတ်ထဲ ပူပန်နေမိလေသည် ။

"ကျွန်တော်မျိုး ... ကောင်းကင်ဘုံ နတ်မင်းကြီးကို ဂါရဝ ပြုပါတယ် ..."

"ကျင်းဟု န် ... သင့်ကို ကျွန်ုပ် ခိုင်းစရာရှိတယ် ... မနက်ဖြန်က မယ်တော်ကြီး နတ်သက်ကြွေတဲ့ နှစ်တစ်ရာပြည့်နေ့ပါ ဒါကြောင့် လူ့ပြည်က ရှန်ကွမ်း ဘုရားကျောင်းမှာ ပန်းပေါင်းလေးသောင်းကို အရဏ်မတက်ခင် ကပ်လှူချင်တယ် ... သင်က တာဝန်ကျေပွန်သူတို့ ရဲ့ နတ်သားပဲ ... ဒါကြောင့် ဒီတာဝန်ကိုလည်း ကျေပွန်အောင် လုပ်ပေးပါ ..."

"ကျင်းဟု န် နားလည်ပါပြီ ... ခွင့်ပြုပါအရှင် ... ကျွန်တော်မျိုး သွားရောက် ပြင်ဆင်လိုက်ပါဦးမယ် ..."

"ကောင်းပြီ ... "

***

ကျင်းဟု န်အတွက် ဒုတိယမြောက် တာဝန်တစ်ခု။ ပထမတစ်ခါက ထက်ပင် သူပိုရင်တုန် နေမိသည် ။ သူ့သက်တမ်းတစ်လျှောက် လူ့ပြည်ကို အခြေမချခဲ့ဖူးသေးချေ။ ယခင်ပန်းနတ်သား နတ်သက် မကြွေခင်တော့ လူ့ပြည်ကို ခဏခဏ စေခိုင်းခြင်း ခံရသည် တဲ့ ။ သူ့အတွက်က တော့ ပထမဦးဆုံးပင်။

ဒုတိယအကြိမ် တာဝန်လည်း အောင်မြင်ပါစေ ... သူ့ကိုသူ ပြောရင်း ... ကောင်းကင်ဘုံနတ်မင်းကြီး ရှန်ကွမ်း ဘုရားကျောင်းသို့ မရောက်မီ ပန်းပေါင်းလေးသောင်းအား ပြင်ဆင် ပေးခဲ့လေသည် ။ ရှန်ကွမ်း ဘုရားကျောင်းသည် ကျင်းဟု န်နတ်သား၏ ပန်းတို့ ကြောင့် ထူးကဲသော ရနံ့များ ကြိုင်လှိုင် ထုံသင်း နေလေတော့၏။

***

ပန်းနတ်သား ကျင်းဟု န်

နတ်သက်တမ်း(၄၀၀) ရှိသည့် နတ်သားငယ်တစ်ပါး ...

ကောင်းကင်ဘုံ နတ်မင်းကြီး၏ ချီးမြှင့်မှုကြောင့် ကြင်ယာ နတ်သမီး ငါးပါး ရှိသည် ။

သို့သော် ... ထူးခြားသည် က ထိုနတ်သမီးများ နှင့် မွေ့လျော်ပျော်ပါးခြင်းမရှိ။ သူ့နန်းဆောင်တွင် တစ်ကိုယ်တည်း နေထိုင်သည့် နတ်ပျိုတစ်ပါးပင်။ ကြင်ယာနတ်သမီးများ နန်းဆောင်ကို ခြေဦးမလှည့်သလို ... သူ့နန်းဆောင်ကိုလည်း မည့် သည့် နတ်သမီးမျှ ဝင်ထွက်ခြင်း မပြုခဲ့ပေ။ သူစိတ်ဝင်စားသည် က ကဗျာများ ... ဂီတများ သာ ဖြစ်လေ

၏။

နတ်သားကျင်းဟု နံက ... ကြည်ပြာရောင် ဝတ်စုံကို အမြဲ ဝတ်ဆင်တတ်သည် ။ ကျောက်စိမ်းပလွေက သူ၏ အဖိုးတန် ရတနာတစ်ပါး ဖြစ်ပြီး သူ၏ နတ်သက်ကို ကျောက်စိမ်းပလွေတွင် သိမ်းဆည်းထား၏။

တောက်ပသော မျက်ဝန်းနက်နက်များ ပိုင်ဆိုင်ထားပြီး နက်မှောင်သော ဆံနွယ်များ ... မျက်ခုံးနက်နက် ထူထူများ နှာတံ မြင့်ချွန်ချွန် ... အနည်းငယ် ထူသော နှုတ်ခမ်းတွဲ့တွဲ့များ ပိုင်ဆိုင်ထားသော ခန့်ထည်သည့် ယောကျ်ားပီသသည့် ပုံစံရှိသည် ။ အမြဲ တည်တင်းနေသော နှုတ်ခမ်းဖျားက အပြုံး မြင်ရသည် မှာ ... ရှားပါးလွန်းသည် ။ မြင့်မားသော အရပ်အမောင်းကလည်း ... ကြံ့ခိုင်သောခန္ဓာနှင့် လိုက်ဖက်လွန်းလှ၏။

ထို့ကြောင့် နတ်သမီးငယ်တို့ ကြား နာမည်ကြီးလှ၏။

နတ်သမီးငယ်များ ကြားတွင် နာမည်ကြီးသော်လည်း သူ့နတ်သက်တမ်း (၄၀၀)တစ်လျှောက် မည်သူနှင့် မျှ ပတ်သက်ခြင်း မရှိဘဲ သီးသန့်သာ နေထိုင်တတ်လွန်းသဖြင့် အချို့သော နတ်သားတို့ ၏ အမြင်စောင်းခြင်းကို ခံရသူလဲ ဖြစ်လေသည် ။

***

ကျွန်တော့်နာမည် အမ်းရှောင်စင်း ... ရှောင်စင်း ...

တစ်နည်းအားဖြင့် ကြယ်ကလေးပေါ့ဗျာ ...

အလုပ်အကိုင်ကတော့ ... GC entertainment ရဲ့ Model ... သရုပ်ဆောင်တစ်ယောက် ဆိုပါတော့ဗျာ.

ဒီနေ့ဆို ... ကျွန်တော့်အသက် ... ၂၁ပြည့်ခဲ့ပြီ ...

ကျွန်တော်က ငယ်ကတည်းက မိဘတွေ မရှိတော့ဘဲ ...

ညီမလေးတစ်ယောက် ... ဦးလေးတစ်ယောက် နဲ့ အတူ နေပါတယ် . ..

မိဘလက်ထက် ကတည်းက ကျန်ခဲ့တဲ့ အမွေအနှစ်တွေ များ တာကြောင့် ကျွန်တော်တို့ မောင်နှမ ခက်ခက်ခဲခဲ မနေခဲ့ရပါဘူး ...

ကျွန်တော် သရုပ်ဆောင်တစ်ယောက် ဖြစ်လာတဲ့ အချိန်မှာ ကျွန်တော့ ဦးလေးက ကျွန်တော့ မန်နေဂျာ ဖြစ်လာတယ် ...

ကျွန်တော့် ရုပ်ရည်လား ...

ကျွန်တော်ကိုယ်တိုင်တော့ မသိပါဘူး ...

Fanတွေရဲ့ ပါးစပ်ဖျားမှာ တော့ ... အပြိုးနတ်သားလို့ ... ခေါ်ကြတယ်ဗျ ...

လူတိုင်းမသိတဲ့ ... ကျွန်တော့အကြောင်း တစ်ခု ... ရှိသေးတယ် ...

ကျွန်တော့မှာ ... ချစ်ရတဲ့ ...ချစ်သူရှိနေတယ် ... ဆိုတာပါဘဲ ... သူမက သိပ်လှတဲ့ ... မိန်းကလေးပါ ...

ဒါပေမဲ့ ... သူ့ကိုကျွန်တော် ... တရားဝင် တွဲခွင့် မရခဲ့ပါဘူး ...

ကုမ္ပဏီရဲ့ စာချုပ်အရ ... silent girlfriend အဖြစ်သာ တွဲခဲ့ကြရတာပါ ...

ကျွန်တော်လည်း ... အခြေအနေတွေကြောင့် ... ဒီလို ... လုပ်ရတယ်

ဆိုတာ ... သူနားလည်မှာ ပါလေ ...

ဒီနေ့ ... က ကျွန်တော့်မွေးနေ့ ... ဆိုတော့ သူမနဲ့ အချိန်ဖြုန်းချင်လို့ .. . အလုပ်အားလုံးကို အကုန်ကြိုဖျက်ပြီး ... သူမအိမ်ကို ... တိတ်တိတ်က လေးသွား ... suprise လုပ်ဖို့ တွေးထားတယ် ...

"ကိုကို ... သွားတော့မှာ လား ..."

"အင်း ... ညီမလေး ... အပြန်ကျရင် ... ကိုကို ... ကိတ်မုန့် အကျန် လေး ယူခဲ့မယ်နော် ..."

"သွား ...ကိုကိုစုတ် ... "

"ဟား ... ဟား ...ဟား ..."

"ဘာမွေးနေ့ လက်ဆောင်မှ မပေးဘူး ..."

"ဟာ ... ဟော့ ... မလုပ်ရဘူးလေ ..."

"ဟွန့် ... ."

ညီမလေးက ခြေဆောင့်ရင်း ... အနားမှ ထွက်သွားလေတော့သည် ။

"ရှောင်စင်း ... မင်းမနက်ဖြန် ... ပိုစတာရိုက်ဖို့ ရှိတယ်နော် ... ည စောစောပြန်ခဲ့ ... သွားတာ လာတာလည်း သတိထားဦး ... နောက်ရက် သတင်းတွေမှာ ပါလာမှာ မလိုချင်ဘူးနော် ..."

"ဟုတ်ပါပြီ ... ဦးလေးရယ် ..."

"အဲ့လို မခေါ်ပါနဲ့ ..."

"အာ ... ဟုတ်ပါပြီ ... ယန်ယန် ... ခင်ဗျာ ..."

ဦးလေးက ... စီနီယာယန်ယန်ရဲ့ top fan တစ်ယောက်ပါ ... ပြီး

တော့ ... ဦးလေးက နည်းနည်း ... ဟိုလေ ... ယောကျ်ားလေးကို စိတ်ဝင်စားသူလေ ...

သူ့အသည်းစွဲက ယန်ယန် မင်းသားဖြစ်တာကြောင့် ... သူ့ကိုသူ ... ယန်ယန်ဆိုတာ တစ်မျိုး ... ယန်ယန့်ချစ်သူ ဆိုတာက တစ်ဖုံ ... အမျိုးမျိုး ... နာမည် ပေးတတ်သူပါ ...

"ရော့ ... "

ဦးလေး ထုတ်ပေးတဲ့ mask နဲ့ လျှာထိုးဦးထုပ်ကို လှမ်းယူပြီး ... မှန်ရှေ့ရပ်ကာ ... မျက်နှာတစ်ခုလုံး မပေါ်အောင် ... လုပ်လိုက်ပါတယ် ...

ခပ်ရိုးရိုးရှင်းရှင်း ... အင်္ကျီတို့ ကို ဝတ်ဆင်ထားပြီး ... သာမန်လူ တစ်ယောက်လို ပုံဖျက်လိုက်တယ် ...

"သွားမယ် ..."

"အေး ... အေး ..."

ကျွန်တော်အိမ်က ထွက်လိုက်တာနဲ့ ... ကျွန်တော့ဦးတည်ရာက ကိတ်ဆိုင်နဲ့ ပန်းဆိုင်ရှိရာ ... ပြီးရင်တော့ ... ကျွန်တော့်ချစ်သူလေး ရှိရာ ပေါ့ဗျာ ...

အခုဆို ... ကျွန်တော့် IGအကောင့်မှာ ရော Weibo အကောင့်မှာ ရော ... မွေးနေ့ဆုတောင်းတွေ ပြည့်နေလောက်တယ် ... ဒါပေမဲ့ ... ကျွန်တော်ကတော့ ... ချစ်သူလေးရဲ့ ... ဆုမွန်ကိုပဲ ... လိုချင်မိတယ် ...

သူ့ကို ... ဒီနေ့ ... လုံးဝ မအားဘူးလို့ လိမ်ထားတာ ရုတ်တရက် ... အံ့သြသွားအောင် လုပ်ရမယ် ...

သူ့အတွေးထဲ ... ချစ်သူအတွက် ... အပျော်တွေးများ နှင့် ပေါ့။

ရှောင်စင်း ... ဆိုသည့် အမည်နာမနှင့် လိုက်ဖက်စွာ ကြယ်လေး တစ်ပွင့် ကဲ့သို့ တောက်ပသော နူးညံ့ ဖြူနုစ်သည့် အသားအရေ ... သေး သွယ်ရှည်လျားသော မျက်ခုံး ပါးလျလျ နှုတ်ခမ်းဖျား နှာတံချွန် မြင့်မြင့် ကလေးများ နှင့် အပြုံးချိုချိုလေးများကို ဆင်မြန်း ထားတတ်သေးသည် ။ ထို့ကြောင့် အပြုံးကို အမြဲဆင်ထားတတ်သည့် သူ့ကို Fan တွေက အပြုံးနတ်သားဟု တင်စား တတ်ကြလေသည် ။

***

# Misfortune (Part 2)

ရှောင်စင်း ... ကိတ်မုန့်ဘူးနဲ့ နှင်းဆီပန်း အပွင့် ၁ဂဂစည်း ထားသော ပန်းစည်းကို လှမ်းယူလိုက်ပြီး ... ကားထဲက ထွက်ခဲ့လိုက်သည် ။

သူရောက်နေသော နေရာက"လင်း"၏ တိုက်ခန်းဖြစ်သည် ။ လင်း မိဘတွေက ကနေဒါမှာ နေထိုင်ကြတာ ဖြစ်ပြီး ... ချမ်းသာသော မိသားစု အသိုင်းအဝိုင်း ဖြစ်သည် ။ လင်း က တရုတ်တွင် သာ အနေများကာ ကနေဒါသို့ သွားလိုက်ပြန်လိုက် ... နေတတ်သည် ။ ဆွေကြီးမျိုးကြီးထဲက ဖြစ်သည့် အပြင် ... တစ်ဦးတည်းသော သမီးမို့ အားလုံးက အလိုလိုက်ထားရသော ... လူဆိုးမလေး ဆိုလျှင်မမှားပေ။

လင်းက လှပတယ် ... သွက်လက်တယ် ...

ထင်တိုင်း လုပ်တတ်တယ် ... ပြီးတော့ ကျွန်တော့် အပေါ်မှာ လည်း ဆိုးနွဲ့လွန်းလှပါတယ် ...

ဒါပေမဲ့ ... ချစ်စရာ ကောင်းလွန်းတဲ့ ... သူမလေးရဲ့ ... ပုံစံလေး ကြောင့် ... ကျွန်တော်ကတော့ ... ချစ်မြဲ ချစ်နေလျက်ပါပဲ ...

ဓာတ်လှေကားက (၁၄)ဆိုသော နံပါတ်ကို နှိပ်လိုက်ပြီး ... mask အောက်မှာ သူ့အပြုံးတစ်ပွင့် ဖြစ်ထွန်းသွားခဲ့သည် ။ သူ့ကိုမြင်ရင် ... လင်းတော်တော် အံ့ဩသွားမှာ ပဲ ... လို့ တွေးရင်း ...

"တင် ..."

ဓာတ်လှေကား အချက်ပေးသံနှင့် အတူ အထပ်(၁၄) အခန်း(၄၀၁) ဆီသို့ ထွက်ခဲ့လိုက်သည် ။

လင်း အခန်းရှေ့ရောက်တော့ ... သူ့ဂျင်းဘောင်ဘီ အိတ်ကပ် ထဲမှ အခန်းသော့ကဒ်ကို ဆွဲထုတ်ရင်း ... ဖွင့်ဝင်လာခဲ့လေသည် ။ လင်း၏ အခန်းသော့က သူ့တွင် လည်း တစ်ခုရှိသည် လေ။

ရှောင်စင်း ... စားပွဲပေါ် ... ကိတ်နှင့် ပန်းစည်းကို ချလိုက်ရင်း ... လင်း ... ကို ရှာကြည့်မိသည် ။ လင်းအရိပ်အယောင်တောင် ... မတွေ့သဖြင့် ... သူရေချိုးနေတာ များ လား ... ဟု တွေးကာ လင်း ... အိပ်ခန်းဘက်သို့ ... ထွက်ခဲ့လိုက်သည် ။

လင်း ... အိပ်ခန်းတံခါးက ပိတ်ထားသည် ... မဟုတ်ဘဲ ... အနည်းငယ် ခပ်ဟဟ ဖြစ်နေသောကြောင့် ... ရှောင်စင်း ... တံခါးကို လက်ဖြင့် တွန်းဖွင့်ရန် ပြင်လိုက်သည် ။

သို့သော် ... အခန်းတွင်းမှ ... သူမြင်လိုက်ရသော အရာကြောင့် ... တံခါးကို မဖွင့်မိဘဲ လက်များက လေထဲတွင် ရပ်တန့်သွားရသည် ။

ရမ္မက်ခိုးများ ဝေနေသော ... သူနှစ်ယောက် ...

သူလာသည် ကိုပင် ... သတိမထားမိဘဲ ... အပျော်ကြီး ပျော်နေသော သူနှစ်ယောက် ...

ဆန္ဒ၏ အထွတ်အထိပ် အသံများ နှင့် ... အရှက်ကင်းမဲ့နေကြ ... သူနှစ်ယောက် ...

ရှောင်စင်း ... မေးကြောများ ပြတ်ထွက်သွားမတက် အံကို ကျိတ်လိုက်ရင်း ... နောက်သို့ ခြေလှမ်း(၂)လှမ်းမျှ ဆုတ်သွားသည် ။ ထို့နောက် ... လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း ... ထိုငရဲတမျှ

ချောက်ချားဖွယ် ကောင်းသော နေရာမှ လှည့်ထွက်ခဲ့လိုက်သည် ။

ဓာတ်လှေကားထဲ ရောက်သည် နှင့် သူ လင်း၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည် ။

"ဟဲလို ... honey ..."

"မင်း ...ဘယ်မှာ လဲ ... "

"ဟို ... အစ်မတစ်ယောက် ... ကနေဒါက ရောက်နေလို့ ... အဲ့တာ သူ့အိမ်ကိုရောက်နေတယ် ... "

"အော် ...ဟုတ်လား ... ."

"အွန်း ... ဒါနဲ့ ... Happy Birthdayနော် ... honey ... မွေးနေ့မှာ ပျော်ရွှင်ပါစေ ..."

"မင်းပေးတဲ့ လက်ဆောင်နဲ့ တင် ... ငါတော်တော် ပျော်ရွှင်နေပါပြီ . .. "

ရှောင်စင်း ဖုန်းချပစ်လိုက်ပြီး ... လက်ထဲမှ ဖုန်းကို ဓာတ်လှေကားနံရံ ဆီသို့ အားကုန် ပစ်ပေါက် လိုက်လေသည် ။ တစ်စစီ ဖြစ်သွားသော ဖုန်းကဲ့သို့ပင် သူ့နှလုံးသား ... သူ့အချစ်များ ... သူ့မျှော်လင့်ချက်များ ... အကုန်တစ်စစီ ပြိုလဲသွားချေပြီ။

ကားပေါ် ရောက်သည် နှင့် ... mask ရော ဦးထုပ်ကိုပါ ... ဆွဲချွတ်လိုက်ပြီး ကားကို တရကြမ်း မောင်းထွက် လာခဲ့လိုက်သည် ။ ဦးတည်ချက်မရှိဘဲ ... ကားကို အရှိန်မြင့်ကာ ... မောင်းခဲ့ရာ ... ပေကျင်းမြို့သည် ... ဟိုအဝေးပျပျတွင် သာ ကျန်ခဲ့လေတော့၏။

***

ရှန်ကွမ်း ဘုရားကျောင်း ... ...

မနက်အရုဏ် မတက်ခင်အချိန် ... ကောင်းကင်ဘုံ နတ်မင်းကြီးနှင့် ကြင်ယာတော် နတ်သမီး အပါအဝင် နတ်မင်းကြီး အများ အပြား တို့ သည် ကောင်းကင်ဘုံ နတ်မင်းကြီး၏ မယ်တော် ... နတ်သက်ကြွေတဲ့ နှစ်တစ်ရာပြည့်နေ့ ဖြစ်သောကြောင့် ... ပန်းပေါင်းလေးသောင်း နှင့် အတူ . .. နံ့သာတိုင်များ ... သစ်သီးဝလံများ ... ကပ်လှူကြလေသည် ။

အားလုံး ပြီးဆုံးသွားသည် နှင့် ... ကောင်းကင်ဘုံ နတ်မင်းကြီးနှင့် နတ်မင်းအပေါင်းတို့ က ... ကောင်းကင်ဘုံသို့ ပြန်လည်ထွက်ခွာ သွားကြလေတော့သည် ။

ကျင်းဟု န်နတ်သားက ... အခြွေအရံများကို ... အရုဏ်မတက် နေမထွက်ခင် ... သိမ်းဆည်းစရာများအား ... သိမ်းဆည်းရန် ခိုင်းစေ လိုက်လေသည် ။ အားလုံး ပြီးသွားသည့် နောက် ...

"ကုသိုလ်ရေး ... နတ်မင်းကြီးက ပြောတယ် ... ရှန်ကွမ်းဘုရားကျောင်းနဲ့ မလှမ်းမကမ်းမှာ ငါ့ရဲ့ နတ်နန်းဆောင် ရှိတယ်တဲ့ ... လူ့ပြည် ရောက်တုန်းရောက်ခိုက် ... ရောက်ဖြစ်အောင် သွားရမယ် ... နေအရောင်လည်း မမြင်ရသေးဘူး ဆိုတော့ ... လူသားတွေနဲ့ ... တွေ့ဖို့လည်း ... မဖြစ်နိုင်ပါဘူး ... "

(နတ်တွေက ... နူးညံ့သော ခန္ဓာဝိညာဉ်မျိုးကို ပိုင်ဆိုင်ကြပါတယ်. လူသားတွေရဲ့ အငွေ့အသက် ... နှင့် ထိတွေ့လို့ မရပါဘူး ... ဒါက ကောင်းကင်ဘုံရဲ့ စည်းမျဉ်းတစ်ခု ဖြစ်ပါတယ် ... ထိတွေ့မိတဲ့ သူဟာ

လည်း ... နတ်တန်ခိုးလျော တတ်တယ်လို့ ... ဆိုကြပါတယ် ...

ဘာပဲဖြစ်ဖြစ် ... နတ်တစ်ပါးဖြစ်တဲ့ ... ကျွန်ုပ်ကလည်း ... လူသားတွေနဲ့ မဆုံအောင် ... နေရမှာ မို့ ... မနက်မိုးမလင်းခင် ... လူသားတွေမနိုးခင် ... အချိန်လေးကို ... အခွင့်ကောင်းယူပြီး ... ကိုယ့်နတ်နန်းကို ... သွားဖို့ ပြင်ဆင်လိုက်ပါ တော့တယ် ...

ဒါမယ့်ဘယ်သူက ... ထင်မှာ လဲ ... ဒါဟာ ... ကျွန်တော့်အတွက် ... မဟာအမှားကြီး တစ်ခုဖြစ်လာမယ် ဆိုတာပေါ့။)

ထို့နောက် ... ကျင်းဟု န်နတ်သားသည် ... သူ့စိတ်တန်ခိုးဖြင့် ... တာဝန်ကျေသူတွေရဲ့ ပူဇော်ခံထိုက်သူ ပန်းနတ်သား ကျင်းဟု န် နတ်နန်းသို့ ... ရောက်ခဲ့လေတော့သည် ။ နတ်နန်းသို့ ရောက်သောအခါ ကြွေပြားအပြည့် ခင်းထားပြီးသည့် ပြန်လည်ပြင်ဆင်ထားသည် ဟု ထင်ရသည့် သူ့နန်းဆောင်ကို မြင်ရသည် ။

သူ့စိတ်ထဲ၌ ...

ဒီကြမ်းပြင်ပေါ်မှာ ... ခြေဗလာနဲ့ လျှောက်ရတဲ့ ... အရသာက ဘယ်လိုများ လဲလို့ ... သိချင်မိတယ် ...

အခုဘယ်လူသားမှ လဲ ... ရှိဟန်မတူပါဘူး ...

ထိုစဉ် ... ကြော်ငြာ စာရွက်တစ်ရွက်က လေနှင့် အတူ လွင့်ပါ လာပြီး သူ့အနားသို့ ကျ လာလေသည် ။ ထိုပုံထဲတွင် ... အမျိုးသား တစ်ဦးက နက်ကတိုင်နှင့် အင်္ကျီဖြူ ... ဘောင်းဘီအနက်ကို ဝတ်ဆင်ထားသော ... အမျိုးသား တစ်ယောက်ပုံကို မြင်လိုက်ရလေသည် ။

သူလှမ်းကြည့်လိုက်ပြီး ...

"အော် ... လူ့ပြည်မှာ က ဒီလိုဝတ်စားပြီး ... ဆံပင်တွေကလည်း ... ခ

ပ်တိုတိုပဲ ထားကျတာလား ... "

ကျင်းဟု န်က တစ်ပတ် လှည့်လိုက်ရာ သူ့ကိုယ်ပေါ်မှ ကြည်ပြာရောင် နတ်ဝတ်နတ်စားများ အစား ကြော်ငြာ စာရွက်ထဲမှ ပုံစံအတိုင်း ဝတ်ဆင်ပြီးသား ဖြစ်သွားလေတော့သည် ။

လက်နှစ်ဖက်ကို မြှောက်ပြီးနောက် လူသားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော ... ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်ကာ ...

"မဆိုးပါဘူး ... ."

ဟု တစ်ဦးထဲ ဆို လိုက်လေသည် ။

ထို့နောက် သူ့ရတနာဖြစ်သော ကျောက်စိမ်းပလွေကို ကိုင်ဆောင်ထားရင်း ... နတ်နန်းဆောင်ကို ပတ်၍ ကြည့်နေမိလေသည် ။ ခြေဗလာက အေးစက်သော ကျောက်ပြားများ နှင့် ထိတွေ့မှုကြောင့် ... သူ့ခြေဖဝါးမှ ... အေးစက်စက် အရသာကို ခံစားမိနေသည် ။

လူတွေရဲ့ ခန္ဓာကိုယ်က အပူအအေး အရသာခံစားမှု တွေကို ... တကယ် ခံစားနိုင်တာပဲ ...

တစ်နေရာအရောက် ... နတ်နန်းအကြောင်း မှတ်တမ်းတင်ထားသော စာများ ရေးထားသည့် ပန်းချီကားချပ်ကြီးအား လှမ်းတွေ့လိုက်ရသဖြင့် လက်ထဲမှ ကျောက်စိမ်းပလွေအား နတ်မင်းကြီး ပလ္လင်ပေါ်တွင် တင်လိုက်ပြီး ... ပန်းချီကား ရှိရာသို့ သွား လိုက်လေသည် ။

တာဝန်ကျေသူတို့ ၏ ပူဇော်ခံထိုက်သူ ပန်းနတ်သား ကျင်းဟု န် နတ်နန်း ...

နှစ်ပေါင်း( ၄၀၀) ... တည်ဆောက် ပူဇော်ခဲ့သည် ။

ကောင်းကင်ဘုံ နတ်မင်းကြီး၏ ချီးကျူးမှုနှင့် ထိုက်တန်သော ပန်းနတ်သား ကျင်းဟု န်၏ တာဝန်ကျေမှုကို လေးစားသဖြင့် ပူဇော်သည် ။

ဟင်း ... .

ကောင်းကင်ဘုံမှာ တော့ ... (၄)ရက်ပဲ ရှိသေးတာ ... လူ့ပြည်မှာ နှစ်ပေါင်း(၄၀၀)တောင်ကြာပြီလား ...

ဆွဲထားတဲ့ ပန်းချီထဲက နတ်သားပုံက ငါ့ပုံလား ...

ငါက ... အဲ့လောက် ဝ လို့ လား ...

အရုပ်ဆိုးလိုက်တာ ... ပြီးတော့ ... ငါကအဲ့လိုအမြဲရယ်နေတာမှ မဟုတ်ဘဲ ...

အဆင်မပြေလိုက်တာ ... .ဟင်း ...

ပြုံးဖြီးပြီး ခပ်ဝဝဖိုင့်ဖိုင့် ပုံပန်းချီကြောင့် သူစိတ်ပျက်လက်ပျက် ဖြစ်သွားရသည် ။

အရှေ့ဘက်ကောင်းကင်မှ ... နေရောင်ပျပျ ထွက်လာသောကြောင့် သူ ကောင်းကင်ဘုံသို့ ပြန်ရန် ပြင်လိုက်တော့သည် ။

ထို့နောက် နတ်မင်းကြီး ပလ္လင်ပေါ်မှာ တင်ထားခဲ့သော ကျောက်စိမ်းပလွေကို လှမ်းယူ လိုက်လေသည် ။ ပန်းနတ်မင်း ကျင်းဟု န်ဟု အခြေတွင် စာရေးထားသော ရုပ်တုကို ... နှာခေါင်းရှုံ့ကာ ကြည့်လိုက်ရင်း ... စိတ်ပျက်လက်ပျက် ခေါင်းတို့ ခါယမ်းလိုက်သည် ။ ပြီးနောက် ဘေးပတ်ဝန်းကျင်ကို ဝေ့ဝိုက် ကြည့်လိုက်ကာ ... သူ့ခြေလှမ်းများအား နတ်နန်းပြင်သို့ ဦးတည် လိုက်လေတော့သည် ။

***

ရောင်စင်း ... တစ်ယောက် တစ်ညလုံး ကားမောင်းနှင်လာခဲ့ပြီးနောက် ... အရှေ့တွင် တွေ့ရသော ... နတ်နန်းတစ်ခုအား ... တွေ့လိုက်ရလေသည် ။ ထို့နောက် ကားရပ်ကာ နတ်နန်းထဲ ဝင်လာခဲ့လိုက်သည် ။ နတ်မင်းကြီးအား တစ်ချက်ဦးညွတ် အရိုအသေပေးရင်း ...

အရှင်နတ်မင်းကြီး ... ကျွန်တော့ကို ... ခဏလေးတော့ နေခွင့်ပြုပါ . .. .ဟု ခွင့်တောင်းလိုက်သည် ။

ထို့နောက် နတ်နန်း၏ ချောင်ကျသော ... ထောင့်တစ်နေရာသို့ သွားထိုင်လိုက်ရင်း ဦးခေါင်းတို့ ကို နံရံ၌ မှီထားပြီး ... လင်း ... နှင့် သူ့အကြောင်းများကို ... စဉ်းစားနေမိသည် ။

သူနှင့် လင်း ... ပြတ်သွားကြပြီ ... ဆိုသော အတွေးများကြောင့် ... ရင်ထဲ၌ အလွန်နေရခက်သော ဝေဒနာတစ်ခုက တိုးဝင်လာပြန်သည် ။

"ဟူး ... ."

မျက်လုံးများကို မှိတ်ထားလိုက်ပြီး အနားယူလိုက်မိသည် ။ တစ်နေကုန် လူပင်ပန်း ... စိတ်ပင်ပန်းလာသည့် ဒဏ်ကြောင့် သူမေ့ခနဲ အိပ်ပျော်သွားလေတော့သည် ။

သူဘယ်လောက်ကြာကြာ ... အိပ်ပျော်သွားသည် မသိ ချွတ်ခနဲ ... အသံတစ်ခုကြားမှ သူနိုးလာသည် ။ အသံလာရာ ကြည့်လိုက်မိတော့ နတ်နန်းသမိုင်းကို မှတ်တမ်းတင်ထားသော ပန်းချီကားကို စိတ်ဝင်တစားကြည့်နေသည့် လူတစ်ဦးကို တွေ့လိုက်ရသည် ။

ထိုသူက သူ့အားမြင်ဟန်မတူ ကျောပေးလျက် အနေအထားဖြင့် ...

လက်နှစ်ဖက်ကို နောက်ပစ်ကာ ... ပန်းချီကားကိုသာ ... စိတ်ဝင်တစား ကြည့်နေသည် ။

အော် ...

မနက်အစောကြီး ... နေရောင်တောင် မလာသေးဘူး ...

နတ်နန်းကို လာတဲ့ သူတွေတောင် ရှိနေပါလား ...

ဒါက ဘာနတ်နန်းပါလိမ့် ...

သူနတ်မင်းရုပ်တုကို လှမ်းကြည့်ပြီး စူးစမ်းလိုက်မိသည် ။ နတ်မင်း ရုပ်တု အောက်ခြေတွင် ရေးသားထားသည် က ပန်းနတ်သား ကျင်းဟု န် တာဝန်ကျေသူတို့ ၏ ပူဇော်ခံထိုက်သူ နတ်သား ...

အော် ...

ဒါက ပန်းနတ်သားကျင်းဟု န်ရဲ့ နတ်နန်းပဲ ...

သူတွေးနေစဉ်မှာ ပင် ...

ခုနက သူတွေ့ရသည့် ထိုသူက နတ်မင်းကြီး ပလ္လင်ပေါ်မှ ကျောက်စိမ်းပလွေအား ... လှမ်းယူလိုက်သည် ကို တွေ့လိုက်ရလေသည် ။ ထို့နောက် ... ထိုသူက ပတ်ဝန်းကျင်ကို ဟိုကြည့်သည် ကြည့်ဖြင့် ... ကျောက်စိမ်းပလွေကို ကိုင်ကာ နတ်နန်းပြင်သို့ ထွက်သွားလေတော့သည် ။

ဟာ ... ဒီလူ ... ဘာလဲ ...

ပုံစံကြည့်တော့ ... သားသားနားနားနဲ့ ... နတ်နန်းက ကျောက်စိမ်း ပလွေကို ခိုးသွားတာဘဲ ...

အခုတလော ... ရှေးဟောင်းပစ္စည်းတွေ အရမ်းပျောက်နေကြတာ ...

ဒီလိုကောင်တွေ လက်ချက်ပဲနေမယ် ...

ရှောင်စင်း ... ထိုင်နေရာမှ ထရပ်လိုက်ပြီးနောက် ... ကျောက်စိမ်းပလွေ ယူသွားသော ... ထိုသူ့နောက် အပြေးတပိုင်းနှင့် လိုက်ခဲ့လေတော့သည် ။

***

ကျင်းဟု န် ... ကောင်းကင်ကို မော့ကြည့်လိုက်ရင်း ...

"အင်း ...လင်းရောင်သန်း လာပြီ ... ပြန်မှ ပဲ ..."

သူ့ကိုယ်ကို တပတ်လှည့်ပြီး ... လူအဝတ်အစားနှင့် လူ့ခန္ဓာအား ပြောင်းမည်ပြင်လိုက်စဉ် ...

အနောက်ဘက်မှ တရှပ်ရှပ်နှင့် ကြားလိုက်ရသော အသံများ ... ခပ်စူးစူး အနံ့အသက်တို့ ကြောင့် ... စောင်းငဲ့၍ ကြည့်လိုက်မိသည် ။

ဟာ ... ဘုရားရေ ...

လူသားတစ်ဦး ... ငါ့ဆီ ပြေးလာပါလား ...

ဘာလုပ်မလို့ ပါလိမ့် ... အာ ...ငါ့ ... ငါ့ကို ... ထိမိတော့မယ် ...

သူ ... ထိုလူသားဆီမှ ဆန့်တန်းလာသော လက်များအား တိမ်းရှောင်လိုက်သည် ။

"ခင်ဗျား ... ထွက်မပြေးနဲ့ ... ခင်ဗျားလက်ထဲက ... ကျောက်စိမ်းပလွေ ... အခုပေး ..."

ဟာ ...ဘာလဲဟ ... ဘာလို့ ငါ့ပလွေကို အတင်းလာလုနေတာလဲ ...

"ခင်ဗျား ... ကျွန်တော် ပြောနေလေ ... အခုပေးပါ ... "

သူကျောက်စိမ်းပလွေကို နောက်ကျောဘက်မှာ ထားလိုက်ရင်း ... ထိုလူ၏ ဆွဲဖမ်းနေသော လက်များအား ... အတင်းရှောင် တိမ်းနေလိုက်သည် ။

ရှောင်စင်းကလဲ အလွတ်မပေးဘဲ ထိုသူ့ကို အမိအရ ဖမ်းရန် ကြိုးစားနေရင်း-

"တောက် ... ငါ့စကားကို ... ဂရုတောင်မစိုက်ဘူး ...

ပြန်မပေးဘူးပေါ့လေ ...တွေ့မယ် ထွက်ပြေးလို့ ရမယ် မထင်နဲ့ ... သူခိုးကောင် ..."

ကျင်းဟု န်က နောက်ပြန်ဆုတ်ရင်း ရှောင်တိမ်းလိုက် ရှောင်စင်းက ရှေ့ တိုးပြီးဖမ်းလိုက်နှင့် ရှုပ်ယှက်ခတ်နေချိန် နှင်းစိုနေသော ကျောက်ပြားပေါ် တက်နင်းမိကာ ရှောင်စင်းတစ်ယောက် ကားခနဲ ချော်လဲသွားလေသည် ။

ရှောင်စင်းတစ်ယောက် ... ကိုးရိုးကားရားနှင့် ...

သူ့ရှေ့မှ ကျင်းဟု န်ကိုယ်ပေါ်သို့ ခုန်အုပ်လျက်သား ဖြစ်သွားပြီးနောက် ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည် ။

အမ်းရှောင်စင်းတစ်ယောက် ကျင်းဟု န်၏ ကိုယ်ပေါ်တွင် ခွလျက်သား ပြုတ်ကျသွားပြီး သူတို့ နှုတ်ခမ်းများက ထိကပ်နေလျက်သား ... ဖြစ်သွားလေတော့၏။

တစ်ချိန်ထဲမှာ ပင် ...

ကျင်းဟု န်လက်ထဲရှိ ကျောက်စိမ်းပလွေမှာ လည်း ကျောက်ပြား ကြမ်းခင်းပေါ် ပြုတ်ကျသွားလေသည် ။

"ခလွမ် ..."ဆိုသည့် ကြမ်းပြင်နှင့် ကျောက်စိမ်းပလွေတို့ ထိမိသည့် အသံနှင့် အတူ ကျောက်စိမ်းပလွေမှာ အက်ကွဲကြောင်းကြီး ထင်းနေအောင် ... ဖြစ်သွားတော့၏။

ကျင်းဟု န်က ရှောင်စင်းကို တွန်းဖယ်လိုက်ပြီးနောက် ... နာကျင်နေသော ပုံစံဖြင့် ... သူ့ရင်ဘတ် သူဖိကာ ... သတိလစ် သွားလေတော့သည် ။

"အ ... အ ... "

***

# Misfortune (Part 3)

အမ်းရှောင်စင်း ... ထိုလူ့အပေါ် လဲကျနေရာမှ အတင်း ကုန်းရုန်းထလိုက်ကာ ...လဲကျနေသော ထိုလူ၏ အင်္ကျီကော်လံကို ဆွဲလိုက်ပြီး-

"ဟော့လူ ... ထ ... ခင်ဗျားလို လူတွေကြောင့် လူ့လောကကြီးက အကျည်းတန်နေတာ ..."

သို့သော် ... တုံ့ပြန်မှုကင်းသော ထိုလူမှာ မျက်လုံးအစုံ မှိတ်လျက် ... သတိလစ်နေသည် ကိုသာ တွေ့လိုက်ရလေတော့သည်။

ရှောင်စင်း ... အလန့်တကြားနှင့် ထိုသူ၏ အင်္ကျီစကို လွှတ်လိုက်ပြီးနောက် ... ထိုသူ့ လက်မောင်းအား လှုပ်ကိုင်၍ ...

"ဟော့ ... ဟော့ ... လူ ... ခင် ... ခင်ဗျား ... ဘာဖြစ် ... ဘာဖြစ်တာလဲ ... ကျွန်တော့်ကို ...မခြောက်နဲ့ နော် ... ဟော့ ... လူ ... ကျစ် ... အာ ... .ဒုက္ခပဲ ..."

ရှောင်စင်းတစ်ယောက် ခေါင်းကို တဖြင်းဖြင်း ကုပ်လိုက်ရင်း ...

ငါတော့ ဂြိုဟ်ဆိုးတွေချည်း ဝင်နေပေါ့လား ...

ဒီတစ်နှစ်က ငါ့ရဲ့ ကံဆိုးတဲ့ နှစ်ပဲလား မသိဘူး ...

ကျစ် ...

ဟာကွာ ... ကျောက်စိမ်းပလွေ တစ်ချောင်းကြောင့် ... ငါလူသတ်မိ

သလို ဖြစ်သွားပြီလား ... ဟား ...

"ဒီ ...ဒီ ...မှာ ... ခင်ဗျား ...ထပါအုံး ..."

သူအတင်း လှုပ်နှိုးနေပေမယ့် ... ထိုသူ့ဆီမှ မည်သည့် တုံ့ပြန်မှုမှ မရ ... သတိလစ်နေဆဲပင်။ သူစိတ်ထဲ အတော်ပင် ပူပန်လာရသည် ။ ငါ တော့ လူသတ်မိပြီ ထင်တယ် ... ဆိုသည့် အတွေးကြောင့် ... မျက်လုံးထဲ ၌ ထောင်အဝတ်အစားနှင့် လက်ထိပ်ကို အရင်ပြေးမြင်လာသည် ။ ထို့ နောက် ... သူ့အား ရန်စောင်နေသော လူမိုက်ကြီးများကပါ ... စောင့်ကြ ည့်နေသည် ဟု ... တွေးလိုက်မိပြီး ...ကျောချမ်းလာပုံဖြင့် လက်နှစ်ဖက် ကို လက်သီးဆုပ်၍ ခေါင်းကို ခါယမ်းလိုက်သည် ။

"အိုက်ယား ... ငါ ... ထောင်ထဲ မဝင်ချင်ဘူး ... မားနဲ့ ပါးရေ ... ကောင်းကင်ဘုံကနေ ... သားကို ကယ်တင်လှည့်ပါအုံး ... မားတို့ သား လေး ... အိမ်ထောင်တောင် မကျသေးဘူး ... လူသတ်မှုနဲ့ ထောင်ကျရ တော့မယ် ...

ရှိရှိသမျှ နတ်မင်းအပေါင်းရော ... ဂျီးဆပ် ... ဗုဒ္ဓ ... အာလာရှင်မြတ် ပါမကျန် ...ကယ်ကြပါ ..."

သူရှူးကြောင်ကြောင်တွေ ဖြစ်ကာ ပြောချင်ရာ ပြောနေမိသည် ။

ထိုအချိန် ... ထိုလူမျက်လုံးများ ပွင့် လာပြီး သူ့လက်များက ရှောင် စင်း၏ အင်္ကျီကို ဆောင့်ဆွဲလိုက်သည် ။ ရှောင်စင်းမျက်နှာကို သူ့မျက်နှာ နား ဆွဲကပ်လိုက်ရင်း ဒေါသထွက်ပြီး ... မီးထတောက်မတတ် ဖြစ်နေ သော မျက်ဝန်းတို့ ဖြင့် ကြည့်ကာ ...

"လူ ... သား ... စုတ် ... ."

ဟု တစ်ခွန်းထဲ ပြောကာ ... ထပ်မံ မေ့မြော သွားလေတော့သည် ။

"အမ် ...ဘာရယ် ... ခင်ဗျား ... ထပ်မေ့မသွားနဲ့ လေ ...ဟာ ...ကျွန်တော့်ကို ခြောက်နေတာလား ..."

ရှောင်စင်းတစ်ယောက် ...ထိုင်လိုက်ထလိုက် ... ထိုလူ့ကို ဆွဲထူလိုက်နှင့် အလုပ်များ နေသည်။

ကွာ ... ဘာလို့ အဲ့လောက် ထွားကြိုင်း လေးလံနေရတာလဲ ... အသားတိုးဆေးစားပြီး မွေးထားတဲ့ ဝက်ကျနေတာဘဲ ဝက် ဆိုရင်တော့ ဈေးကောင်းရမှာ ...

အာရာ ... ချွေးပါပျံ့တယ် ... သူကတော့ ... နေရာကတောင် မရွှေ့ဘူး ...

ဒီမယ် ... ခင်ဗျား မသေနဲ့ အုံးနော် ...သေလို့ မရသေးဘူး

ခင်ဗျားသေသွားရင် ... ကျွန်တော့် အနာဂတ်လေး သွားပြီဗျ ...

ဟူး ... အသည်းကွဲနေတဲ့ ... ခံစားချက်လေးတောင် ... ဘယ်ရောက်သွားမှန်း မသိတော့ဘူး ...

စိတ်လေတယ် ...

"ကောင်လေး ...ရရဲ့ လား ..."

"လခွမ်း ... လန့်လိုက်ထာ ... "

အနောက်ဘက်မှ ရုတ်တရက် ပြောလိုက်သော ... လူတစ်ယောက် အသံကြောင့် သူလန့်ဖျပ်သွားပြီး ...

"ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျ ...ဟီး ... "

"သူက ... ဘယ်လိုဖြစ်နေတာလဲ ..."

ရော် ... ဘယ်လိုဖြေရပ့ါမလဲ ...

ဟိုလူကသေသွားရင် ငါတော့ အမှုပတ်တော့မှာ ...

"ကျွန် ...ကျွန်တော် ... မ ... မသိ ..."

"ငါ ... ဟိုနားမှာ ရောက်နေတာ ... အတော်ကြာပြီ ... မင်းတို့ ဖြစ်နေတာကို အစအဆုံး မြင်တယ် ... မင်းသူ့ကို ခုန်အုပ်ပြီး ဖမ်းလိုက်တာကော ... မြင်တယ်"

"အာ့ ...ကျွန်တော်လေ ... ဟို ..."

"မင်းတို့ က သူငယ်ချင်းတွေလား ... ဘာလို့ နတ်နန်းမှာ အစောကြီး လာရန်ဖြစ်နေတာလဲ ... ဒါမှ မဟုတ် ... မင်းတို့ က ... boy to boy ..."

"အာ ...ဘာတွေ လျှောက်ပြောနေတာလဲဗျ ... ကျွန်တော်က Starigh t စစ်စစ် ... ရေတောင်မရောဘူး ... ပြီးတော့ ... ကျွန်တော့် ... ချစ်သူနဲ့တောင် ... အိပ်ပြီးပြီဗျ ... ခင်ဗျားကလဲ ..."

အရေးထဲ ... Fudanshi (ဖူဒမ်းရှိ) နဲ့ လာတိုးနေတယ် ...

ဘာမှ လဲ မသိဘဲနဲ့ ...

"မသိဘူးလေ ... ငါမြင်တာ ... မင်းတို့ ... နှစ်ခါတောင် နမ်းလိုက်သလားလို့ ..."

"အာ ...မဟုတ်ပါဘူး ... တစ်ခါထဲပါ ..."

"တစ်ခါလား ... "

"အာရား ...ခင်ဗျား ဘာဖြစ်နေတာလဲဗျာ ... ကျွန်တော်တို့ ထိမိတာပါ ... ချော်လဲသွားလို့ ထိမိတာ ဟုတ်ပြီလား ... ဘာမှ အနမ်း မဟုတ်ဘူး ... ခင်ဗျားပြောမှ ကျောတောင် ချမ်းသွားပြီ ..."

"ကဲထားပါ ... ဘာကူညီရမလဲ ..."

ထင်ချင်ရာ စွတ်ထင်ပြီး ...

မေးချင်ရာ မေးနေပြီး ... အခုမှ ဘာကူညီရမလဲတဲ့ ...

လခွမ်း ... ဟိုလူက သေမယ့်သူဆို သေပြီးလောက်ပြီ ...

ရှောင်စင်း ... စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုပ်လိုက်ပြီး ...

"သူ ...ဘာဖြစ်သွားလဲ မသိဘူး ... ခင်ဗျားကြည့်တတ်ရင် ... ကြည့်ပေးပါ ..."

"အင်း ... ကြည့်တတ်တယ် ... ဘာလို့ ဆို ... ငါက ဆရာဝန်လေ ..."

"ဟာ ... ဟုတ်လား ... ကြည့်ပေးပါအုံးဗျာ ... ဘာဖြစ်သွားလဲ မသိဘူး ..."

ဆရာဝန်ဆိုသူက ... ထိုလူ့အနား ထိုင်ချလိုက်ရင်း ... ထိုလူ့ဦးခေါင်းကို မကြည့်လိုက် ... ဟိုနေရာစမ်းကြည့် ... သည် နေရာစမ်းကြည့်နှင့် ... လုပ်ပြီးသည့် နောက် ...

"ဘာမှ ကြီးကြီးမားမား ... မဖြစ်ဘူး ... ဒါကိုသူက ဘာလို့ ... သတိမေ့ သွားရတာလဲ ... ဦးခေါင်းခွံထဲ တစ်ခုခုများ ဖြစ်သွားသလား ... ဒါလည်း မဖြစ်နိုင်ပါဘူး ... ဒါမယ့် တချို့ ဒဏ်ရာတွေက ... အပြင်ပိုင်း မဟုတ်ဘဲ ... အတွင်းထဲမှာ ထိခိုက်မိတာမျိုး ဖြစ်နေတတ်တယ် ... အဲ့ဒါကပြဿနာ ရှိတယ် ... "

အားရှိစရာပဲ... သူပြောလိုက်မှ ကိုယ်က ... တကယ် ... သူများကို ထိခိုက်အောင် လုပ်မိတဲ့ လူလို့ ... စိတ်ထဲ ခံစားလိုက်ရတယ် ...

သေများ သေသွားရင် ... ပြဿနာတွေက ... တသီကြီး တက်တော့မှာ ...

ရှောင်စင်း ... အတွေးတချို့နှင့် သက်ပြင်း ချလိုက်မိသည် ။

ကံဆိုးမှုဆက်တိုက် ကြုံနေသောသူ ... ကိုယ့်ဖာသာ အေးအေးဆေးဆေး အသည်းကွဲနေတာ အကောင်း ... အားအားယားယား ... သူခိုး ဝင်ဖမ်းပေးမိမှ ... ပြဿနာက ပိုရှုပ်သွားရပြန်သည် ။

"ဒီလိုလုပ်လေ ... ညီအစ်ကို ... ငါ ဒီနားကရပ်ကွက်မှာ နေတယ် လိုက်ခဲ့လေ ... အဲ့မှာ က ပစ္စည်းစုံတော့ ... ပိုအဆင်ပြေတာပေ့ါ ... ပြီးတော့ ... မင်းရဲ့ လူက ကြမ်းပြင်ကြီးပေါ် လဲနေတာ ... "

"ဘာကျွန်တော့ လူလဲဗျ ... သူ့ကိုသိတောင် မသိဘူး ... "

"ဟုတ်ပါပြီ ... မသိလဲ ... မင်းကြောင့် သူ ဖြစ်သွားတာ ငါမြင်တယ်လေ ... မင်းမှာ တာဝန်ရှိတာပေ့ါ ... "

"ကျွန်တော့်မှာ တာဝန်ရှိတာ သိပါတယ်ဗျာ ... ကဲကဲ ... ခင်ဗျား အိမ်သယ်ရအောင် ... ဒီလူက ... အရမ်းလေးတယ်ဗျ ... ကျွန်တော် မ မနိုင်ဘူး ..."

"အိုကေ ... အိုကေ ..."

ထို့နောက် နှစ်ယောက်သား ... ထိုလူ့အား ... တွဲမရင်း ... ကားရှိရာသို့ လျှောက်ခဲ့ကြလေသည် ။ ရှောင်စင်းက ကြမ်းပြင်ပေါ် ကျနေသော ကျောက်စိမ်းပလွေကိုပါ ခါးကြားထဲထိုးကာ တစ်ပါတည်း ယူခဲ့လေ၏။

"မင်းတို့ က ... မနက်အစောကြီး ... ဒီကို ဘာလာလုပ်တာလဲ ..."

"မင်းတို့လို့ မသုံးပါနဲ့ ... သူ့ကိုဒီရောက်မှ တွေ့တာဗျ ... ပြီးတော့ ... သူက.သူခိုးတစ်ယောက် ... ပစ္စည်းခိုးမလို့ လုပ်နေလို့ ... ကျွန်တော်ဖမ်းမလို့ လုပ်ရင်းနဲ့ ... အခုလိုတွေ ဖြစ်သွားတာ ... ဒါနဲ့ ... ခင်ဗျားကရော ဘာလို့ အစောကြီး ဒီလာတာလဲ ..."

"ငါလား ... ငါမနက်စောစော ပြေးတာလေ ... "

"အော် ... "

ဟုတ်သား ... သူက ... အားကစားဝတ်စုံကို ဝတ်ထားတာဘဲ ...

"ဒါနဲ့ ... ငါ ... မင်းကို ... မြင်ဖူးနေသလိုပဲ ..."

"ကျွန်တော် ... ရှောင်စင်းပါ ...အမ်းရှောင်စင်း သရုပ်ဆောင် ... မော်ဒယ်ပါ ... "

"အာ ... ဟုတ်တယ် ... မင်းကို အာ့ကြောင့် ... မြင်ဖူးပါတယ်ထင်နေတာ ... မင်းက ငါ့ကောင်မလေးရဲ့ Idolဘဲကွ ... သူ့ကွန်ပျူတာထဲ ... မင်းပုံတွေချည်းပဲလေ ... "

"အော် ... အပာင်း ... ခင်ဗျား ... ကောင်မလေးကို ... ကျေးဇူးတင်ကြောင်း ပြောပေးပါ ..."

"အိုကေ ... အိုကေ ..."

သူတို့ နှစ်ယောက် ကားနောက်ခန်းတံခါးကို ဖွင့်ပြီး ထိုလူအား တင်လိုက်သည် ။

ထို့နောက် ဆရာဝန်က ရှောင်စင်းအား လက်ဝါးဖြန့်၍ တောင်းလိုက်လေသည် ။

"ဘာလဲဗျ ... "

"ကားသော့လေ ... မင်းကငါ့အိမ် သိလို့ လား ... "

"မသိဘူးလေ ... "

"ပေးကားသော့ ... အာ့ကြောင့် ... ငါမောင်းမယ်ပြောတာ ..."

ရှောင်စင်း ... သူ့အိတ်ကပ်ထဲမှ ကားသော့ ထုတ်ပေး လိုက်လေသည် ။ ပန်းရောင် အသည်းလေးပေါ်တွင် ... လင်း ဟု နာမည်လေး ထိုးထားသော ကီးချိန်းလေးကြောင့် ထိုသူက ...

"မင်းကောင်မလေး ... ပေးတာလား ..."

"အရင်ကတော့ ... ဟုတ်တယ် ... အခု မဟုတ်တော့ဘူး ..."

ပြောပြောဆိုဆို ... ရှောင်စင်းက သော့ကို ပြန်ဆွဲလုကာ ကီးချိန်းကို ဆွဲဖြုတ်လိုက်ပြီး ... အပြင်ဘက်ကို လွှင့်ပစ် လိုက်လေသည် ။

ဆရာဝန်က မျက်ခုံးပင့်ကာ ပခုံးတွန့်လိုက်ပြီးနောက် ... ကားသော့ ယူလိုက်သည် ။ ထို့နောက် ... ပန်းနတ်သား ကျင်းဟု န် နတ်နန်းမှ ထွက်ခဲ့ကြလေတော့သည် ။

***

## Misfortune ( Part 4)

အရှေ့ကောင်းကင်မှ ... နေရောင်များက ပတ်ဝန်းကျင်ပေါ် တဖြည်းဖြည်း ကျရောက် လာပြီး ... ရှင်းလင်းစွာ မြင်လာရသည် ။

အမ်းရှောင်စင်း ... သူ့ပေါင်ပေါ်တွင် ... မေ့မြောနေသော ထိုလူစိမ်း အား ကြည့်လိုက်ပြီး ...

အံမယ် ... ဒီလူက ... လူတော့ ... လူချောပဲ ...

သူခိုးတစ်ယောက် မဟုတ်ဘဲ ...

သောက်ကျင့်လေးသာ ကောင်းရင် ... တော်တော် တည်ကြည်မယ့်ပုံ ...

ကြည့်စမ်း ... အသားအရေ ... ကောင်းချက်က စိမ်းဖန့်နေတာပဲ ... ဘာ skin careတွေ သုံးသလဲ မသိဘူး ...

အေးလေ ... အခုခေါတ်က လှဖို့ ပဖို့ က ခဲယဉ်းတာမှ မဟုတ်တာ ခွဲ စိတ်ပြုပြင်လိုက်ရင်ကို ... ရနေပြီ ...

ဖြစ်နိုင်တယ် ... ဒီလူ ဒါလောက် perfectဖြစ်ပြီး ... ပြည့်စုံလွန်းနေ တာ ... ခွဲစိတ်ပြုပြင် ထားတာနေမယ် ...

မှန်းစမ်း ... ခွဲထားတဲ့ အမာရွတ်တွေများ ရှိနေမလားဘဲ

ရှောင်စင်း ထိုလူ့မေးအောက်များ ... နားနှစ်ဖက်အောက်တို့ အား ...

လှည့်ပတ် ကြည့်လိုက်ရင်း ...

အမာရွတ်တောင် မကျန်ဘူးပဲ ... ဘယ်ဆေးရုံက လက်ရာလဲမသိဘူး ...

ရှေးဟောင်းပစ္စည်း ခိုးရောင်းနေတဲ့ လူ ဆိုတော့လဲ ...

ပိုက်ဆံ ဘယ်လောက်ကုန်ကုန် ... လုပ်နိုင်မှာ ပေါ့ ...

"ကဲရောက်ပြီ ... ကောင်လေး ..."

"ဆရာဝန်ကြီးရယ် ... ကျွန်တော့်ကို ကောင်လေးကောင်လေး မခေါ်ပါနဲ့ ဗျာ ..."

"အော့ဆို ... ကောင်မလေးလို့ ခေါ်ရမှာ လား ... "

"ဟာဗျာ ... "

"မသိဘူးလေ ... မင်းပဲ ကောင်လေး မခေါ်နဲ့ ဆိုတော့ ... ဖြစ်သင့်ပါတယ် ... သူနဲ့ ယှဉ်လိုက်ရင် ... မင်းက ပိုသေးတော့ ... မင်းက ... ဟိုဟာပဲဖြစ်မှာ ပါ ..."

"ဟမ် ... ဘယ်ဟာလဲ ... "

"Bလေ ...Bottom ..."

"အာ ... ခင်ဗျားဗျာ ... ဘာတွေ ပြောနေတာတုန်း ... ခင်ဗျား ကျွန်တော်တို့ ကို ... တစ်မျိုးမမြင် လို့ မရဘူးလား"

"အေးပါကွာ ... အေးပါ ... အဟင်း ... ငါကလိုက်ဖက်တာ မြင်ရင် ... တစ်ခါတည်း တန်းတွေးတတ်တဲ့ အကျင့်လေး ရှိနေလို့ ပါ ... ကဲကဲ အခုကစ ငါ ဘာမှ မပြောတော့ဘူး ...ကောင်လေး ... "

"ကျွန်တော့်ကို ရှောင်စင်းလို့ ပဲ ခေါ်ပါဗျ ... ကောင်လေးလို့ ခေါ်ရ

အောင် ... ခင်ဗျားက အသက် အရမ်းကြီးသေးတာမှ မဟုတ်ဘဲ ... "

"ငါ့အသက်က ၃၂ ... မင်းက အခုမှ ၂၀လောက်ရှိမှာ ပါ ... ကောင်လေးခေါ်တာ ... မထူးဆန်းပါဘူး"

"ကဲဗျာ ... ခင်ဗျား ခေါ်ချင်သလိုသာခေါ် ..."

" ... အောာ ...ငါ့နာမည်က ... ကျားဝေ ...ကျန်းကျားဝေ ... "

ထို့နောက် ... ဆရာကျန်း(Drကျန်း) က ...

အိမ်တံခါးကို သွားဖွင့်ပြီးနောက် ...

ကားနောက်ခန်းမှ သူ့ကောင်းမှုကြောင့် ... မေ့လျော့နေသူအား ... ကူတွဲရင်း ... အိမ်ထဲ ဝင်ခဲ့ကြလေသည် ။

ထိုသူအား ... ခုတင်ပေါ် တင်ပြီးနောက် ... ဆရာကျန်းက သူ့နားကြပ်များ သွေးပေါင်ချိန်စက်များ ... စသောစသော ... ဆရာဝန်သုံးပစ္စည်းမျိုးစုံနှင့် စမ်းသပ် နေလေတော့သည် ။

ရှောင်စင်း ... စားပွဲပေါ်မှ နာရီကို လှမ်းကြည့်မိတော့ ...

နံနက်ဖြနာရီပင် ထိုးချေပြီ။ ထို့နောက် ... တစ်စုံတစ်ခုအား တွေးမိသွားပြီး ...

"ဆရာကျန်း ... ဆရာကျန်း ... တစ်ခုလောက် ... ကူညီပါအုံးဗျာ ..."

"အင်း ပြောလေ ... "

"ကျွန်တော် ... အိမ်ကို ဖုန်းဆက်ချင်လို့ ... ဖုန်းခဏ သုံးချင်လို့ ပါ ... ကျွန်တော့ဖုန်းက ကွဲသွားလို့ ... "

"ရပါတယ် ... ဟိုစားပွဲပေါ်မှာ ဖုန်းရှိတယ် ... ယူဆက်ပါ ..."

"ဟုတ်ကဲ့ ... "

အခုချိန်ဆို ... ဦးလေးနဲ့ ညီမလေးစိတ်ပူနေလောက်သည် ။ မနေ့မနက် ကတည်းကထွက် လာခဲ့သောသူ ...

ဖုန်းကိုလဲ ပေါက်ခွဲခဲ့မိတာကြောင့် ... အဆက်အသွယ် မရလျှင် ... သူတို့ ပိုစိတ်ပူ နေကြပေလိမ့်မည်။

"ဟယ်လို ..."

"ဟယ်လို ... အမ်းရှောင်စင်းရဲ့ မန်နေဂျာပါ ..."

"ဦးလေး ...ယန်ယန် ... ကျွန်တော်ပါ ... ရှောင်စင်း ... "

"ဟမ် ... မင်းအခု ဘယ်မှာ လဲ ... တစ်နေကုန်ရော ... တစ်ညလုံးရော ပျောက်နေပြီး ဘာတွေ လုပ်နေတာလဲ ... ဖုန်းခေါ်တော့လည်း စက်ပိတ်ထားတယ် ... ငါက မိဘ မဟုတ်ဘူး ဆိုပြီး ငါ့ကို မလေးစားတော့ဘူးပေါ့လေ ... လင်းဆီ ဖုန်းဆက်တော့လည်း ... သူမသိဘူးတဲ့ ... မင်း ဘာတွေ လုပ်နေတာလဲ ဟမ် ... ငါ့ကို ရှိသေးတယ်ရော အောက်မေ့ရဲ့လား ... အခုမြန်မြန်ပြန်လာခဲ့ ... ဒါ မင်းဖုန်းလည်း မဟုတ်ဘူး ... ဘယ်သူ့ဖုန်းလဲ ... ပြောစမ်း ... "

အသံပါဝါ မြင့်လွန်းလှတဲ့ ဦးလေးရဲ့ စကားကြောင့် ဖုန်းအနားကပ်၍ နားထောင်နေသော ရှောင်စင်း နားပါ အူထွက်သွားရသည် ။ ထို့နောက် ဖုန်းကို ခပ်ခွာခွာ ထားလိုက်ရင်း မနားတမ်း ပြောနေသော ဦးလေးစကားများအား နားထောင် လိုက်လေသည် ။

"ကောင်စုတ်လေး ... အခု ဘယ်နှနာရီ ထိုးပြီလဲ ... နာရီကြည့်စမ်း ... "

"၆ နာရီထိုးပြီလေ ... ဦးလေးရဲ့ ..."

"ငါက နာရီ မကြည့်တတ်လို့ ... မေးနေတာ ထင်လို့ လား ... ၁၀နာရီကျရင် ... ပိုစတာရိုက်ဖို့ ရှိတယ် ဆိုတာ ... မေ့နေတာလား ... ဟမ် ..."

"Oh ... မားရေ ... ကယ်ပါ ...ကျွန်တော် တကယ်မေ့နေတာ ..."

"အေး အခု သတိရပြီဆို ... အိမ်ပြန်ခဲ့တော့ ..."

"ဒါမယ့် ... ကျွန်တော် ... Lanzhou (လန်ကျိုး)မှာ ..."

"ဟမ် ... မင်း ... ပေကျင်းကနေ လန်ကျိုးကို ... ဘယ်လိုလုပ် ..."

"ဒီနေ့ ... ပိုစတာရိုက်မယ့် ကိစ္စ ဖျက်ပေးပါ ...မနက်ဖြန် ... ကျွန်တော် ... ပေကျင်းကို ပြန်ရောက်မယ် ..."

"ဟာ ... ဟေ့ ... ဟေ့ ... ဖုန်းမချနဲ့ အုံး ..."

ရှောင်စင်း ... ဦးလေး ... စကားကိုပင် ဆုံးအောင် နားမထောင်ဘဲ ဖုန်းကို ချလိုက်သည် ။ စိတ်ညစ်စရာ ပေါင်းစုံနေချိန် ဦးလေးရဲ့ တဗျစ်တောက်တောက် ပြောနေသံကိုပါ ထပ်ကြားရလျှင် သူရူးသွားနိုင်သည် ။ ထို့ကြောင့် ဖုန်းမြန်မြန် ချလိုက်ခြင်းဖြစ်သည် ။

"ကောင်လေး ... မင်းလူက ဘာမှ ပြင်းပြင်းထန်ထန် ထိခိုက်ထားတာ မရှိဘူး ... အချိန်နည်းနည်းလောက် ကြာရင်နိုးလာ ပါလိမ့်မယ် ..."

"ဟူး ... တော်သေးတာပေါ့ ... ကျေးဇူးပါပဲ ... ဆရာကျိုး ..."

"မင်း ... ဒီကို ဘာလာလုပ်တာလဲ ... ရိုက်ကွင်း ရှိလို့ လား ..."

"မဟုတ်ပါဘူး ... ဒီတိုင်းပါ ... "

ဆရာကျိုးမေးမှ ... သူ့အသည်းကွဲ ရောဂါကို ပြန်သတိရမိပြီး ... ရှောင်စင်း မျက်နှာညှိုးကျ သွားရသည် ။

လင်းကို ... သူအရမ်းချစ်ခဲ့သည် ။

လင်း ... အတွက်ဘာမဆို ... သူလိုက်လျော ပေးခဲ့သည် ။

လင်း ... အလိုရှိတိုင်း ... အမြဲအသင့် ဖြစ်နေခဲ့သည် အထိ သူမကို အလိုလိုက်ကာ ... ချစ်ခဲ့ရသည် ။

သို့ပေမယ့် ...

သူပြန်ရလိုက်သည် က သူမ၏ သစ္စာမဲ့မှုသာ ဖြစ်ခဲ့သည် ။ တစ်နှစ်ကျော်ကျော် တွဲလာခဲ့ကြပြီးမှ ...

လင်း ... က ရက်စက်နိုင်လွန်းသည် ။

"ကောင်လေး ... မင်းအသည်းကွဲ လာတာလား ..."

"ဒါလည်း ... သိလိုက်ပြန်တာပဲလား ... ခင်ဗျားက ... "

"မင်းဖြစ်နေတဲ့ ပုံက ကျွန်တော် အသည်းကွဲ နေတာပါလို့ ... စာမကပ်ထားရုံ တမယ်ပဲလေ ... မျက်နှာတွေ မည်းချိတ် နေတာများ ကျီးကန်းကြီး မီးကျွမ်းနေသလိုပဲ ..."

"ဟာဗျာ ... ခင်ဗျားဗျာ ... ပေးလိုက်တဲ့ ဥပမာကလဲ"

***

ကျင်းဟု န် ... သူ့အနီးအနား ပတ်ဝန်းကျင်ကို လှည့်ပတ် ... ကြည့်လိုက်သည် ။ ဟင်းလင်းပြင် ဖြစ်နေသော ... ပတ်ဝန်းကျင်တွင် ... မြူခိုးအနည်းငယ် ဆိုင်းနေသေးသည် ။ သူဘယ်ရောက်နေသည် ကို ... မသိ။

သူသိသည် က သူ့ရင်ဘတ်ထဲ ... အလွန်အမင်း နာကျင်ပြီး ဘာဆို

ဘာမှ မသိတော့တာ ဖြစ်သည် ။ သူဘာလို့ ... အဲ့လိုဖြစ်ရသည် ကို ... သူ မျက်မှောင်ကုပ်ရင်း ... စဉ်းစားမိလိုက်သည် ။

လူသားတစ်ယောက် ...

ဟုတ်တယ် ... လူသားတစ်ယောက် ... ငါ့ဆီကို ပြေး လာပြီး ... ငါ့ ... ကျောက်စိမ်းပလ္လေကို ... လိုက်လုခဲ့တယ် ...

ပြီးတော့ ... ငါ့ကိုလည်း ထိတွေ့ဖို့ ကြိုးစားခဲ့တာပဲ ...

ဟာ ... ဟုတ်တယ် ... သူနဲ့ ငါ ... ခန္ဓာကိုယ်ချင်း ထိမိသွားတယ် ... ဒါဆို ... ဒါဆို ...

ငါက နတ်သက်ကြွေ သွားပြီလား ...

ငါအခု ... ဘယ်ရောက်နေတာလဲ ... ငါ ... ငါ့ရတနာ ... ရော ...

ထိုစဉ် ... သူ့နားထဲသို့ ကြည်လင်ပြတ်သားသော အသံတစ်သံကို ကြားလိုက်ရသည် ။

"ကျင်းဟု န် ... . သင် ကောင်းကင်ဘုံရဲ့ အကြီးမားဆုံး အပြစ်တစ်ခု ကို ကျူးလွန်ခဲ့တယ် ... သင့်ရဲ့ နူးညံ့တဲ့ နတ်ဝိညာဉ်ကို လူသားတစ်ဦးနဲ့ ထိတွေ့စေခဲ့တယ် ... ဒါတင် မဟုတ်သေးဘူး ... သင့်ရတနာ ကျောက်စိမ်းပလ္လေလည်း အက်ကွဲခဲ့ရတယ် ...

ဒါပေမဲ့ ရတနာက အဆုံးအစွန် ပျက်စီးခြင်း မရှိတဲ့ အတွက် နတ်တန်ခိုးသာ လျော့သွားခဲ့ရတယ် ... နတ်သက်တော့ မကြွေခဲ့ဘူး ... အခုသင်ဟာ ... ကောင်းကင်ဘုံရဲ့ စည်းမျဉ်းကို ချိုးဖောက်ခဲ့လို့ အပြစ်သင့်ခံရတဲ့ လူသားတစ်ယောက် ဖြစ်ခဲ့ပြီ ...

လူသားဘဝနဲ့ လောကဓံ အမျိုးမျိုးကို ခံယူရင်း ... သင့်ရတနာ ...

ပြန်လည်ကောင်းမွန်လာတဲ့ အချိန်အထိ ... နေထိုင်ရပါလိမ့်မယ် ... ရတနာကျောက်စိမ်း ပလွေထဲမှာ ... သင့်အသက်ဝိညာဉ် ရှိနေတဲ့ အတွက် ... ရတနာက အကောင်းအတိုင်း ပြန်ဖြစ်လာမှ သာ ... သင်ကောင်းကင်ဘုံကို ပြန်လာနိုင်လိမ့်မယ် ... သင်လုပ်ခဲ့သမျှ အပြစ်အတွက် ... လူသား ... ကမ္ဘာရဲ့ ... ကံကြမ္မာ အတိုက်အခိုက်တွေကို ... ပေးဆပ် ဖြတ်ကျော်ပါ ... ."

စကားသံအဆုံး ... ကျင်းဟု န် မျက်လုံးအစုံ မှိ တ်ရင်း ... အံကို ကျိတ်လိုက်သည် ။

ငါ့ရဲ့ ခဏတာ ရူးမိုက်မှုကြောင့် ... ငါတော့ ... ကောင်းကင်ဘုံရဲ့ ဒဏ်သင့်ခံရပြီ ...

ငါသာ လူတစ်ယောက်လို ... မဖန်ဆင်းခဲ့ရင် ... ဒီလိုပြဿနာတွေ ... ဖြစ်လာခဲ့မှာ မဟုတ်ဘူး ...

အခုတော့ ...

သူ့ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိ လာသည် ။ ချွေးစေးများ ပျံ လာပြီး ... အေးလိုက် ... ပူလိုက်နှင့် ... ခန္ဓာကိုယ်မှ ... အမျိုးမျိုး ခံစားနေရသည် ။ ရင်ထဲက စူးအောင့်နေသော ... ဝေဒနာနှင့် အတူ ... သူကျယ်လောင်စွာ ... အော်ဟစ် လိုက်လေတော့သည် ။

***